# မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (၅/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း [1]

Posted on 04 July 2018

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အတည်ပြုချက်များအပေါ် ဆွေးနွေးစိစစ်မှု ပြုရန်အတွက် မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၁၈)ကြိမ်မြောက် အစည်း အဝေးကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အဖွဲ့ဝင်များဖြစ်သော တိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေး ဝ

န်ကြီးဦးမြတ်သူ၊ တိုင်းဒေသကြီးလျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဦးဇာနည်အောင် နှင့် အခြားအဖွဲ့ဝင် (၄) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူမှ တင်ပြလာသောအတည်ပြုမိန့် လျှောက်ထားလွှာများ အား စိစစ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၅/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးမှ  လျှောက်ထားလွှာ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၃)ခုအား အတည်ပြုမိန့် ခွင့်ပြုပေးရန် ဆုံးဖြတ်ခဲ့ပါသည်။

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative